# ၁၉၅၄ ခုနှစ်၊ စူရတီ ဘာရား ဘဇား (သိမ်ကြီးဈေး) ကို မြူနီစီပါယ်ပိုင်ပြုလုပ်ခြင်း (ပြင်ဆင်ချက်) အက်ဥပဒေ။

[ ၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၂၆။ ]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ စူရတီဘာရားဘဇား (သိမ်ကြီးဈေး) ကို မြူနီစီပါယ်ပိုင်ပြုလုပ်ခြင်း (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၅၄ ခုနှစ်၊ ဇန္နဝါရီလ ၂ ရက်နေ့တွင် စတင်အာဏာတည်သည်ဟုမှတ်ယူရမည်။

၂။ ။နောက်တွင် ''အဆိုပါအက်ဥပဒေ ''ဟု ရည်ညွှန်းသည့် ၁၉၅၁ ခုနှစ်၊ စူရတီဘာရားဘဇား (သိမ်ကြီးဈေး) ကို မြူနီစီပါယ်ပိုင်ပြုလုပ်ခြင်း အက်ဥပဒေ ပုဒ်မ ၉ (၁) တွင် '' ရန်ကုန်မြို့ရှိ စူရတီဘာရားဘဇား (သိမ်ကြီးဈေး) ဟု ခေါ်တွင်သည့် မြေရာအဆောက်အဦ စသည်တို့ကို ကုမ္ပဏီမှ လွှဲယူပိုင်ခွင့်သည်၊ နိုင်ငံတော် သမတဉ္စ ရှိစေရမည်။ ယင်းသို့လွှဲယူသည့်အခါ၊ အဆိုပါ စူရတီဘာရားဘဇား (သိမ်ကြီးဈေး) သည် '' ဆိုသည့်စကားရပ်အစား၊ ''ဤအက်ဥပဒေ၏ ဇယားတွင် ဖေါ်ပြထားသော ရန်ကုန်မြို့ရှိ စူရတီဘာရားဘဇား (သိမ်ကြီးဈေး) ဟု ခေါ်တွင်သည့် မြေရာအဆောက်အဦ စသည်တို့နှင့် ကုမ္ပဏီပိုင်အခြား မြေရာအဆောက်အဦ စသည်တို့ကို ၎င်းတို့တွင် အမြဲတပ်ဆင်ထားသော အရာများနှင့်တကွ ကုမ္ပဏီထံမှ လွှဲယူပိုင်ခွင့်သည် နိုင်ငံတော် သမတဉ္စရှိစေရမည့်အပြင်၊ နိုင်ငံတော်သမတသည် အဆိုပါ မြေရာအဆောက်အဦ စသည်တို့ကို နေ့ရက်ခွဲခြားသတ်မှတ်၍ လွှဲယူနိုင်သည်။ ယင်းသို့လွှဲယူသည့်အခါ အဆိုပါ စူရတီဘာရားဘဇား (သိမ်ကြီးဈေး) နှင့် အခြား မြေရာအဆောက်အဦ စသည်တို့သည် '' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၃။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၉ နောက်တွင် အောက်ပါ ဇယားကိုထည့်သွင်းရမည်။

ဇယား

| အမှတ်စဉ် | ရပ်ကွက်အမှတ် | မြေအတန်းအစားနှင့် မြေကွက်အမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|---|
| | | | အဆောက်အဦအမှတ် |
| ၁ | ၁၆စီ | III Northern Portion of ၁၅ မှ<br>Southern Portion of ၂၃<br>N½ II— ၇<br>II— ၀ မှ<br>Southern Portion of ၁၁ | အေရှ်။ |

အတိုး—၁၀ ပြား]

| အမှတ်စဉ် | ရပ်ကွက်အမှတ် | မြေအတန်းအစားနှင့် မြေကွက်အမှတ် | ဝစ္စည်းအမျိုးအမည် / အဆောက်အဦအမှတ် |
|---|---|---|---|
| ၂ | ၁၆ဇီ၊ | I— ၂<br>V— ၁ မှ ၁၁<br>V—၂၁ မှ ၃၁<br>S½ V—၃၂<br>III—၁၁ နှင့် ၁၃ | ဘီရုံ။ |
| ၃ | ၁၆ဇီ၊ | I— ၁<br>II— ၁ မှ ၅<br>S⅓ II— ၆ နှင့်<br>Centre ⅓ and S⅓ of<br>N½ of II— ၆<br>III— ၁ မှ ၆ နှင့်<br>၈ မှ ၁၀<br>IV— ၁ | စီရုံ။ |
| ၄ | ၂၁ဘီ၊ | I— ၆<br>I—၁၂<br>II—၁၉ မှ ၂၄<br>III—၃၉ မှ ၄၀<br>IV— ၄<br>IV— ၀ | ဒီရုံ။ |
| ၅ | ၂၀တီ၊ | N⅔ I—၁၂ နှင့်<br>Extra Strip | အီးရုံ။ |
| ၆ | ၁၆ဇီ၊ | V—၁၃ | ၂၅ လမ်း၊နံပါတ် ၁၁၄။ |
| ၇ | ၁၆ဇီ၊ | V—၁၅ | ၂၅ လမ်း၊နံပါတ် ၁၁၀။ |
| ၈ | ၁၆ဇီ၊ | V—၁၀ | ၂၅ လမ်း၊နံပါတ် ၁၂၄။ |

| အမှတ်စဉ် | ရပ်ကွက်အမှတ် | မြေအတန်းအစားနှင့် မြေကွက်အမှတ် | ပစ္စည်းအမျိုးအမည် / အဆောက်အဦအမှတ် |
|---|---|---|---|
| ၉ | ၁၆ဒီ၂ | V—၂၀ | ၂၅ လမ်းနံပါတ် ၁၂၀။ |
| ၁၀ | ၁၆ဒီ၂ | 2nd Northern ½ of IV—၅ နှင့် Extra Strip | ၂၅ လမ်းနံပါတ် ၁၃၀။ |
| ၁၁ | ၁၆ဒီ၂ | I— ၀ နှင့် III—၁၄ | ၂၅ လမ်းနံပါတ် ၁၃၄ မှ ၀၄၀။ ၂၆ လမ်းနံပါတ် ၁၄၅ မှ ၁၅၁။ ဖရေဇာလမ်း၊ နံပါတ် ၃၁၅ မှ ၃၁၉။ ဖရေဇာလမ်း၊ နံပါတ် ၃၂၁ မှ ၃၂၃။ |
| ၁၂ | ၁၆ဒီ၂ | V—၃၃ | ၂၆ လမ်းနံပါတ် ၁၂၇။ |
| ၁၃ | ၁၆ဒီ၂ | V—၃၄ မှ ၃၆ | ၂၆ လမ်းနံပါတ် ၁၂၉ မှ ၁၃၅။ |
| ၁၄ | ၁၆ဒီ၂ | V—၃၇ | ၂၆ လမ်းနံပါတ် ၁၃၇။ |
| ၁၅ | ၁၆ဒီ၂ | V—၃၀ | ၂၆ လမ်းနံပါတ် ၁၃၉။ |
| ၁၆ | ၁၆ဒီ၂ | III—၂၄ နှင့် Northern Portion of ၂၃ | ၂၆ လမ်းနံပါတ် ၁၃၀ မှ ၁၄၂။ |
| ၁၇ | ၁၆ဒီ၂ | V—၃၉ နှင့် ၄၀ | ၂၆ လမ်းနံပါတ် ၁၄၁ မှ ၁၄၃။ |

| အမှတ်စဉ် | ရပ်ကွက်အမှတ် | မြေအတန်းအစားနှင့်မြေကွက်အမှတ် | ပစ္စည်းအမျိုးအမည် / အဆောက်အဦအမှတ် |
|---|---|---|---|
| ၁၈ | ၁၆ ဇီ၊ | IV— ၆<br>II—၁၂<br>I— ၉ နှင့်<br>Extra Strip နှင့်<br>N. Portion II—၁၁ | ၂၆ လမ်း၊နံပါတ် ၁၄၄ မှ ၁၅၀။<br>ကုန်ဈေးတန်း၊ နံပါတ် ၂၅၃ မှ ၂၇၅။<br>ဖရေဇာလမ်း၊ နံပါတ် ၃၀၃ မှ ၃၁၃။ |
| ၁၉ | ၂၄ လမ်းနှင့် တရုပ်တန်းအတွင်းရှိ နောက်ဖေးလမ်းကြား။<br>၂၅ လမ်းနှင့် တရုပ်တန်းအတွင်းရှိ နောက်ဖေးလမ်းကြား။<br>၂၅ လမ်းနှင့် ၂၆ လမ်းအတွင်းရှိ နောက်ဖေးလမ်းကြား။<br>၂၆ လမ်းနှင့် ကုန်ဈေးတန်းအတွင်းရှိ နောက်ဖေးလမ်းကြား။ | | | |

ပ၊မ၊ဗ၊စ၊—အမှတ် ၁၃၅၊ တရားရေးဝန်ကြီးဌာန၊ ၀၅-၅-၅၄—၂,၀၅၀—၂။